# ဇာတ်တော်ကြီး ဆယ်ဘွဲ့

## တတိယတွဲ





ဘူရိဒတ်-ဇာတ်တော်


စန္ဒကုမာရ-ဇာတ်တော်


နာရဒ-ဇာတ်တော်

ပန်းချီ ဦးဘကြည်



ဘူရိဒတ်
ဇာတ်တော်ကြီး
၁
ပန်းချီ - ဦးဘကြည်
တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ၊ ဟူသော စကား ထဲမှ ဆဋ္ဌမ စာလုံး ဖြစ်သော (ဘူ) ဆိုသည်မှာ ဘူရိဒတ် နဂါးမင်းသား ဘဝ၏ အကြောင်းကို ဆိုလိုသည်။
နဂါးပြည်တွင် ဓတရဋ္ဌ မင်းကြီး နှင့် မိဖုရားကြီး သမုဒ္ဒဇာ တို့တွင် သားတော် လေး ပါး ထွန်းကား လေ့သည်။
သုဒဿန
ဒတ္တ
သုဘောဂ
အရိဋ္ဌ
နဂါး ဆိုသည်မှာ အလွန်ကြီးမားသော မြွေတမျိုးဟု အဆိုရှိသော်လည်း
အလွန်ငယ်သော အသွင် ဖန်ဆင်းနိုင်သည် ဟုလည်း ရှေးစာများတွင် ဆို၏။


လျှပ်ပြောင် ဖန်ဆင်း နိုင် စွမ်း ရှိသည်
ဟုလည်း ဆို၏ ။



ပင်လယ် သမုဒ္ဒရာ အောက်တွင် နဂါး
တိုင်းပြည် ရှိသည် ဟုလည်း ဆို၏ ။


မြေ လျှိုး မိုးပျံ နိုင် စွမ်း ရှိ သည်
ဟုလည်း ဆို၏ ။


ဒေါသကြီးတတ်သည့်အလျောက် မျက်
စောင်းထိုးလိုက်လျှင် ခံရသူများ ရှာပြာ
ကျအောင် လောင်ကျွမ်းသည်ဟုလည်းဆို၏


ရှေးခေတ်က ကိုယ်တိုင် ကိုယ်ကျ မြင်
တွေ့ဘူးသည်ဟု ဆိုသူက ဆို ၏ ။
နဂါး ကိုယ် မွေ့ဟာ- တယ်ပျ တယ် ×× ×××× ××××


နဂါးမျိုးဟု ထင်ရသော အမောက်ပါသည့်
မြွေများ ကို ကား တောနက်ထဲတွင် တွေ့
ဘူးကြောင်း ပြောပြဘူးသူများရှိခဲ့၏ ။


သို့သော်လက်တွေ့တွင်ကား ကမ္ဘာ့အရပ်ရပ်
ရှိပြတိုက်များတွင် အစာသွတ်ရုပ်လုံးသွင်း
ထားသော နဂါးကိုကား မတွေ့ရှိရသေးပေ။
နဂါး
DRAGON
ရေသူမ
နဂါးပုံကို ပန်းချီရေးဆွဲထားသည်ကို၎င်း၊
ပန်းပုထုထားသည်ကို၎င်း၊ ဘုရားကျောင်း
တန်ဆောင်းများနှင့် နန်းတွင်းပစ္စည်းများ၌သာတွေ့ရ
အဆိုပါ နဂါးမင်းကြီး၏ သားတော် များ
အရွယ်ရောက်လျှင် တိုင်းပြည်တာဝန် ကို
ခွဲဝေ ထမ်းဆောင်စေ၏။ အုပ်ချုပ်ရေး နှင့်
ပညာအရာတွင် ဒုတိယသား ဒတ္တ ထူးချွန်၏။
ထို့ကြောင့် ခမည်းတော်မင်းကြီးက သား
တော် ဒတ္တ ကို ညီလာခံများသို့ သာမက
တခါတရံ နတ်ပြည် အစည်းအဝေး ကိုပင်
ခေါ်သွား၏။ တခါတွင် သိကြားမင်းကြီးက
xxx မောင်ဒတ္တက - လူကြီး လေးလိုဘဲ - တယ်ဉာဏ် ကောင်းပါလား။ ဒီတော့ ဘူရိဒတ် လို့ နာမည် ပြောင်းပါလား ကွဲ့။
(အဓိပ္ပါယ်ကတော့ - ကမ္ဘာကြီး လောက် ဉာဏ်ရှိတဲ့ ဒတ္တ - လို့ဆို တာပေါ့)
ဘိုးတော် သိကြားမင်းပေးတော်မူတဲ့ နာမည်ကို ခံယူပါမည် ဘုရား
တနေ့သောအခါ မင်းသား ဘူရိဒတ် သည်
မယ်တော် အား လျှောက် တင်၏။
xxx မယ်တော်ဘုရား နတ်ပြည်ကြီးဟာလေ xxx အလွန် ခမ်းနားကြီး ကျယ်ပါတယ်ဘုရား။ ဘုံဗိမာန် တွေကလဲ xxxx နတ်သား နတ်သမီး တွေကလဲ ဖိတ်ဖိတ်တောက်နေပါ တယ်ဘုရား xxxxxx လှလဲလှ xxxxx



×××× သားတော်သိလိုတာက××× ××× တချို့က နတ်ဖြစ်ကြ×××
×××တချို့က - လူဖြစ်ကြ ×××××××
×××တချို့က - နဂါး ဖြစ်ကြတာ - ဘာလို့လဲ မယ်တော်ဘုရား××××××××
ဘဝ ဘဝ အဆက်ဆက် က ပြုခဲ့ဘူးတဲ့ ကုသိုလ် - အကုသိုလ် တွေပေါ် မှီပြီး ဖြစ်ကြတာပေါ့ သားတော်ရယ်××××
သားတော် - နတ်ပြည် မှာနတ်သားဖြစ်ချင် လိုက်တာ ဘုရား
မခက်ပါဘူး သားတော်×× ဖြစ်နိုင်ပါတယ်။ ဖြစ်ချင် ရင်××××××××× ×× အဲဒီလိုကျင့်ပေါ့××
တနေ့တွင် ဘူရိဒတ်မင်းသားသည် အဓိဋ္ဌာန် ဥပုသ် ဝင်ရန် ဆုံးဖြတ်လိုက်လေသည်။
ဘုရား တပည့်တော်သည်××× ယနေ့ ယခုရက်မှ စ၍ အဓိဋ္ဌာန် ဥပုသ်ဝင်ပါမည်××× ထိုကာလအတွင်း - အသွေး - အသား - အရေ - အရိုး တို့ ကို အလှူခံသူ ပေါ်လျှင် ပေးလှူပါမည်ဘုရား××× ဤသို့သော ကောင်းမှု ကုသိုလ်ကြောင့် နောင်ဘဝတွင် နတ်ပြည်တွင် နတ်သားအဖြစ် ရပါစေသား×××××××
ထို့နောက် မယ်တော်ထံ ခွင့်ပန်လေသည်။
××× မယ်တော်ဘုရား... သားတော် - လူ့ပြည် တွင်ရှိသော - ဆိတ်ငြိမ်သည့် တောရိပ် တောင်ရိပ် တွင် - သွားရောက် ၍ တရားအားထုတ် ရန် ရည်ရွယ်ကြောင်းပါ ဘုရား
သားတော် - လူ့ပြည် တွင် ဘေးရန်များ လှ ပါတယ်။ နဂါး ပြည်တွင်ဘဲ အဓိဋ္ဌာန် ဝင်ပါလား သားတော်ရယ် ××××××
သို့သော် အပျော်ကြူးသော နဂါးများ၏ ဆူညံ သံများကြောင့် စိတ်တည်ငြိမ်မှု မရသဖြင့်
ဝါး ဟား ဟား ဟား
ဝေး ဟေး ဟေး
ဟဲ ဟဲ ဟဲ ဟဲ
လူ့ပြည်ရှိ တောတွင်း တောင်ပို့ တခုသို့ သွား၍ တရား ကျင့် လေတော့သည်။

# ဘူရိဒတ်

ဇာတ်တော်ကြီး



● ပန်းချီ - ဦးဘကြည်




မုဆိုး နှင့် အလမ္ဘာယ်ဆရာ လုပ်လိုသောသူတို့ကို ဘူရိဒတ် မင်းသား မြင်လေလျှင် -
အလို×××××× ရန်ပြုမယ့်လူ လာတာတဲ့ မြင်ရမယ်။ ×××ငါ ဒေါသထားပြီး မျက်စောင်းထိုးလိုက်ရင် ပြာကျသေကုန်တော့မှာဘဲ××× ငါ့အဓိဋ္ဌာန် ပြည့်ဘို့ကလဲ - ရက်နဲနဲလိုတော့တယ်××× ×××အင်း××× အဓိဋ္ဌာန်ပျက်အောင် သည်းခံလိုက်ပါတော့မယ်လေ××× သူတို့ ထိတ်လန့်ခြင်းကင်းအောင် - မြွေခပ်ကြီး ကြီး အရွယ်လောက်ဘဲ ကိုယ်ထင်ပြမှတော်မယ်××× ပါရမီဖြည့်ရမယ်××
ထိုသူသည် မိမိကိုယ်ကို မြွေဆေးလူး၍ နဂါးနှိပ်မန္တန်ကို ရွတ်လျက် အနီးသို့ ရောက်လာလျှင် ပါရမီ ဖြည့်နေလိုသော ဘူရိဒတ် ထွက်လာကာ ငြိမ်နေစဉ် --
ဥံ ××××××××××××××××××××××××××××××
အမယ်- တယ် ဟုတ်ပါလား။ နဂါး ကို ကုတ်ကျသွား ဒါပါဘဲ လား
ထို့ကြောင့် အတင့်ရဲလာပြီး ဘူရိဒတ် နဂါးကို အမျိုးမျိုး ကိုင်တွယ်ကြည့်၏
မင်း - ငါနဲ့လိုက် ခဲ့××××
အလမ္ဘာယ်ပြလို့ ငွေတသောင်းရရင် ပြန်လွှတ်မှာပါ
ငါနိုင်း တာတော့ လုပ်ရ မယ် နော်
သို့သော် အဓိဋ္ဌာန် ပြုပြီးဖြစ်သူ ဘူရိဒတ် က-အံခဲကာ သည်းခံနေလေသည်။
သို့ဖြင့်ထိုသူသည် အလမ္ဘာယ်ဆရာ လုပ်၍ တရွာဝင်တရွာထွက် အလမ္ဘာယ် ပြကာငွေရှာ၏
ပရိသတ် တို့သည်လည်း လွန်စွာအံ့သြကြ၍ ဆုကြေးငွေများ ပေးကမ်းကြကုန်၏။
ဟာ! တယ်တော်တဲ့ ဆရာပါလား×××× မြွေ မပြောနဲ့ - နဂါးတောင် နိုင်တာတဲ့×××
ဒီလို ဆရာမျိုး တော့××× ဆုငွေ များများ ပေးရမယ်
ကျွန်နည်းဖြင့် ငွေမြောက်မြားစွာ ရသော်လည်း ဘူရိဒတ်ကို ပြန်မလွှတ်သေးချေ။
ဟီ... ငွေတွေရတာ - တသောင်းတောင် ကျော်နေမှကိုး။ ဒါပေမယ့် နဂါးပြန်လွှတ် လို့ မဖြစ် သေးဘူး ××××
ဘုရင့် ရွှေမြို့တော်မှာ သွားပြရရင် ဒီထက် များများ ရမှာဘဲ- ဟဲ -ဟဲ-


ထိုအချိန်လောက်တွင် သမုဒ္ဒရာ မိဖုရားကြီး သည် အိပ်မက်ဆန်း မြင်မက် သဖြင့် -
××× ညက အိပ်မက်ထဲမှာ×× မယ်တော်ရဲ့ ညာလက်ရုံး ပြတ်သွားတယ်လို့ - မက်တော် မူတယ်××× မဟုတ်မှလွဲရော - သားတော် ဘူရိဒတ်တော့ ဘေးကြုံနေပြီထင်တယ်×× ဒီတော့ - သားတော်ကို လူမြည် မှာ သွားရှာ ကြပါလော×××××
ထို့ကြောင့် သားတော်ကြီး သုဒဿန သည် ရသေ့အသွင်ဆောင်၍ ညီတော်အရှာထွက်၏
အလို နှမတော် အခုနေဒီ.. ဘယ်လဲ...
ဘုရား နှမကိုလဲ လိုက်ခွင့်ပြုပါ၊ ဖါး အသွင် နဲ့ - ဆံကျစ် အတွင်း မှ လိုက် ခွင့်ပြု တော်မူပါ ဘုရား
ကောင်းပြီ - လိုက် ခဲ့လော့
တတောဝင် တတောထွက် လိုက်ရှာ၍ မတွေ့ သောအခါ ဘုရင့်ရွှေမြို့တော်သို့ ဝင် ခဲ့၏။
နောင်တော် ဘုရား - ရှေ့က - လူအုပ်ထဲ ဝင်ရှာ စေလိုပါတယ် ဘုရား --
ဟဲ့ - နှမတော် -- ဒါက မြွေ - ကပွဲ တခုခု ဖြစ်ပါ လိမ့်မယ် --
သတင်း အစအန ရနိုင်ပါတယ် ဘုရား
လူအုပ် နောက်နားမှ စနည်းနာရန် ရပ်လိုက် စဉ် လူအုပ် အလယ်မှ လူကြီးက -
ကဲ --- လူထု ပရိသတ်လဲစုံလေပြီ××× ပွဲစကြစို့××× ကိုင်း --- မုတ်အတွင်းက - မြွေတကာ တို့ရဲ့ဘုရင် - နဂါးမင်း --- အစောက်ထောင်၍ အမြန်ထွက်လာလော့.. ငါ. အာလမ္ဗာယ်ဆရာကြီး အမိန့်××××
ဘူရိဒတ်နဂါးသည် ကြုတ်အတွင်းမှကြည့် ပြီး
ဟိုက် - နှမပါဘဲ××× နောင်တော် တို့ လိုက်လာ ပါလား××× ငါကလဲ×× အဓိဋ္ဌာန်ရက် မပြည့်တမြည်း ဖြစ်နေတယ်၊ ဘယ်လို လုပ်ရပါ့ မလဲ×××
ထို့ကြောင့် ကြုတ်တွင်းမှ ထွက်ပြီးလျှင် လူအုပ်ထဲရှိ ရသေ့၏ ခြေထက်၌ ဦးခိုက် ဒါ ငို ရှာလေတော့သည်။
နောင်တော်လည်း မျက်ရည်မဆည်နိုင်တော့ချေ



ထိုအခြင်းအရာကိုမြင်လျှင် အာလမ္ဗာယ်ဆရာ
က နဂါးပေါက်လိုက်သည် ထင်၍-
××ရသေ့ကြီး - မစိုးရိမ်ပါနှင့်။ ကျုပ်မှာ မြွေဆေး ကောင်း ကောင်း ရှိပါတယ်- ဟဲဟဲ
လာလာ- ကုပေး မယ်
ရသေ့သည် ဘုရိဒတ် အဖြစ်ကို တွေ့၍
စိတ်ထိခိုက်နေစဉ် ဤသို့ပြောနေသဖြင့်
မင်းမြွေ - ငါ့ကို မကိုက်ဝံ့ပါဘူး ကွ။ မင်းမြွေနဲ့ ငါ့ဖါး ပြိုင် ကိုက်မလား×××× ငွေငါးထောင် ကြေးလေ
ခင်ဗျားက ဘယ်ကလဲ××× ကျုပ်ကိုများ ပညာ ပြိုင်ချင်လို့လား ××××
ခင်ဗျားလို ရသေ့က ငွေငါးထောင် ပေးနိုင် မယ် ဆိုတာ - အာမခံမယ့်သူ ရှိလို့လား
ရှိတယ်ဟေ့ - ခဏလေးစောင့်နေ၊ ငါခေါ်ခဲ့မယ်...
နောင်တော်ရသေ့သည် ရွှေနန်းတော်သို့ဝင်ပြီး
အို - သူတော်စင် - တောရ ရသေ့ကြီး... အလိုရှိရာ မိန့်တော်မူပါလော့...
ကျုပ်ကို အာမခံမည့်သူ အလိုရှိသည် တကာတော်
ဘယ်လို အကြောင်းကြောင့် ပါလဲ ဘုရား
ဘာမှ အဆိပ်မရှိတဲ့ မြွေနဂါးကို - လူတွေအထင် ကြီးအောင် ညာချိုင်းပြီး လူနှမ်းကောင်းလုပ်ပြနေ တာတွေ့တော့ - အလောင်း အစားဖြစ်ပြီး××××× ××××××××××× ××××××
ဒီလိုဆိုရင် - တပည့် တော်ကိုယ်တိုင် လိုက်လာ ပါမည်ဘုရား
နောင်တော်ရသေ့သည် ဘုရင်နှင့်အတူ
အာလမ္ဗာယ်ပြရာသို့ ပြန်လာသည်ကိုတွေ့လျှင်
ဟိုက်... ဘုရင့် ဆရာတော် များဖြစ်နေ ရော့လား×× ×××××

ဆက်ရန်



ဓါတ်တော်ကြီး
၃
ပန်းချီ - ဦးဘကြည်
ရသေ့နှင့် ဘုရင်ကြီး တို့ အနားသို့ရောက်လျှင်
ဖူးမြော်လှပါဘုရား××× ကျွန်တော်မျိုး ကို - ပညာ လာပြိုင်၍သာ - စိန့်ခေါ် လိုက်ရကြောင်းပါ ဘုရား
အဆိပ် မရှိတဲ့ မြွေနဂါးကို သုံးပြီး အလကား ညာလိမ်နေ သည် မဟုတ်လော
အဆိပ် ရှိ မရှိ သိလိုရင် အနား ကပ်လာစမ်းပါ ရသေ့ကြီးရဲ့
ငါ၏ဖါးမ,လောက် သင့် မြွေနဂါး၏ အဆိပ် ပြင်းမည်မဟုတ်
ဖါး - ဆိုတာ မြွေအစာပါ
ထိုအခါ ဖါးမ သည် ခုန်ထွက် လာ၍ အဆိပ် သုံးစက်အန်ချ လိုက်ပြီး ရသေ့ ဆံကျစ် ထဲသို့ပင် ပြန် ခုန် ဝင်သွား၏။
ဂွက်
ဂွက်
ဂွက်
ရသေ့သည် အဆိပ်ခွက် ကို ကိုင်ကာ ရေမြေ ဟည်းတချ ကြိမ်းဝါးလေတော့၏။
ပုပ္ပဝတီ မြည်ကြီး - ပျက်စီးတော့အံ့...
ပုပ္ပဝတီမြည်ကြီး ပျက်စီး တော့အံ့...
ပုပ္ပဝတီ မြည်ကြီး ပျက်စီး တော့အံ့...
အဘယ်သို့သော အကြောင်း ကြောင့်နည်း ရသေ့ကြီး
တကာတော် ရှေ့မြေ့ရှင် ××××× ×××
××× တစက် တစက်သော ဤအဆိပ် သည် - မြေပေါ် သို့ကျမြားအံ့ - ကောက်ပဲ သီးနှံ - သစ်သီး သစ်ပင် တောအုပ်တို့ အားလုံး ပျက်ပြုန်းအံ့ ×××× ×××××
××× ရေထဲသို့ ချပါက - ငါး,လိပ် - ပုစွန်စသော ရေသတ္တဝါများ အကြွင်းမဲ့ သေကြေအံ့ ××××


×××× လေထဲသို့ပက်လိုက်လျှင်လည်း - ကျေးငှက်များ သေ မည်သာမက မိုးခေါင် ရေရှားဖြစ်အံ့ ×××
ဤသို့ဖြစ်လျှင် ဘေးကင်းအောင် ဆောင်ရွက်ပေး တော်မူပါ။
သူမိုက်တဦး တယောက်အတွက် သတ္တဝါများ ဘေးမရှိသင့် ပါ
ထိုနောက် ရသေ့၏ စီမံချက် ဖြင့် ကျင်းကြီးတူး ပြီးလျှင် လိုအပ်သော ပစ္စည်းများခု၍ အဆိပ် ခွက်ကိုပစ်ထည့်ကာ မြေများဖုံးအုပ်စေ၏။
ကိစ္စအဝဝ ပြီးလေလျှင် နဂါးများကလူ အသွင် ဖန်ဆင်း ပြလိုက် လေရာ -
အရှင်မင်းကြီး - စိုးရိမ်ခြင်းမရှိပါနှင့် - ကိစ္စခပ်သိမ်း အလုံးစုံ ပြီးဆုံးပါပြီ
အသင် တို့ကား - ဘယ် တိုင်း ဘယ်ပြည် ဘယ်ဌာနီမှ ××× ××××
အရှင်မင်းကြီး၏ နှမတော် - သမုဒ္ဒဇါဒေဝီ နှင့် နဂါးမင်း - ဓတရဋ္ဌ တို့၏ သားတော်ကြီး - သုဒဿန၊ သားတော်လတ် - ဘူရိဒတ်၊ နှင့် တဝမ်းကွဲ နှမတော် အဇမုခီ - တို့ဖြစ်ကြ၍ - တူတော် - တူမတော်များ ဧကန်ဖြစ်ကြောင်း ပါဘုရား ×××
အိမ်း - တွေ့ဆုံလို စိတ်စောနေစဉ်ဖြစ်၍ ရွှေနန်းတော်သို့ ကြွကြပါစို့ ×××
သို့သော် အာလမ္ဗာယ်ဆရာကား စိတ်ပျက် စွာဖြင့် တွင်းဝတွင်သာ ထိုင်မှိုင် နေတော့၏။
နေဝင်ပြီးစတွင် ထိုတွင်းထဲမှ မီးတောက် ကြီး လင်းတက်လာကာ ကောင်းကင်သို့တက် သွားစဉ် အာလမ္ဗာယ် ဆရာမှာ အဆိပ်ငွေ့ သင့်သဖြင့် မချိ မဆန့် ဝေဒနာ ခံရပြီး ကိုယ် ပျက်သွားရှာ လေသည်။


ဘူရိဒတ်တို့သည် နဂါးပြည်သို့ပြန်ရောက်သော် ဘူရိဒတ်မှာ အာလမ္ဗာယံဆရာ ညှဉ်းဆဲခံခဲ့ရ၍ ပင်ပန်းလှပြီဖြစ်သဖြင့် သူ့အား အနားယူစေပြီး ပြုစုကြ၏
ထိုအချိန်တွင် ဘူရိဒတ်ကို လိုက်ရှာနေသေးသော ညီတော် သုဘောဂသည် မြစ်ကမ်းပါး၌ အမော ဖြေနေခိုက် စကားပြောသံကြား၍ အာရုံစိုက်ကာ နားစွင့်မိ၏။
ဟင် - ဟေ့လူ။ ခင်ဗျား တခါက - အာလမ္ဗာယံဆရာ လုပ်မယ်လို့ ပြောတဲ့ လူမဟုတ်လား။ ဘယ်လိုဖြစ်လာတာလဲ
ဟုတ်ပါတယ်ဗျာ။ ခင်ဗျားလိုက်ပြလို့ နဂါးတကောင်ရတော့ - အာလမ္ဗာယံပြစားသေးတယ်။ ငွေလဲအတော်ရတယ်။ သူကော ဥပုသ်စောင့်နေတဲ့ ဘူရိဒတ်နဂါးတဲ့××× နောက်တော့ ××××××××××× ××××××××× နောက်ဆုံးတော့ အခုလိုကိုယ်ပျက်တာဘဲဗျာ× ×××
ဟိုက် - ခက်ပြီ××× မင်းကို - နဂါးပြပြီး - မင့်ဆီက ယူသွားတဲ့ဟာကွ - နဂါးမင်းရဲ့ လို,တ,ရ,တဲ့ ပတ္တမြား မျက်ရှင်ကွ။ ငါ့လက်ထဲ မကြာပါဘူး ဗျာ။ အဲဒီပတ္တမြားဟာ လွတ်ကျသွားပြီး မြေကြီးထဲ ဝင်သွားတယ်ဗျာ
ကျုပ် - ဘာမှ မသုံး လိုက်ရဘူး။ နဂါးပတ္တမြား သုံးမိလို့ - ငါလဲ တခုခုဖြစ်အုံးမယ် ထင်တယ်××××
ထိုနောက် မြစ်ထဲသို့ ဆင်း၍ ရေငုပ် နေ၏။
ငါသည် - ဘူရိဒတ် နဂါးကိုပြစ်မှားမိခဲ့။ ထိုအပြစ်များကို - ရေတွင် ဖျောပါ၏။ ထို့ကြောင့် - ဘေးရန် ကင်းပါစေသား××××
သုဘောဂသည် ထိုအခြင်းအရာကို တွေ့လျှင်
အကြောင်းရသိရပြီးဖြစ်၍ ပုဏ္ဏားကို ရေထဲသို့ နှစ်ချလိုက်လေ၏။




သေလုမတတ်ရေမွှန်းမှ ရေပေါ်တင်လိုက်ရာ
ဘယ်နှယ်လဲပဏ္ဏာမြား သူရိုး - မူဆိုးပုဏ္ဏား - ဟားဟား ဟားဟား
ထိုစကားကြောင့် သူနောင်တော်ထံခေါ်သွား၏
နင်ပြောတဲ့. ငါလဲ မသိဘူး။ ဒီတော့ - ငါ့ အကိုထံ လိုက်ခဲ့ လော့ ××××
အား
နဂါးပြည်ရောက်သောအခါ ပုဏ္ဏားက ကုန္ဒြေရှာဖြင့် နဂါးများကို ဟောလေသည်။
ပုဏ္ဏားများဟာ - ဗြဟ္မာမင်းရဲ့ သားတွေ။ သားတွေကို မဒင်အတတ်ပေးခဲ့တယ်။ သဲရေနှစ်ရာ ရေဟာ - ပုဏ္ဏားရေနစ် ဘူး။ လို - နေ့သွားတာ ။ သားတွေ ထိ ရင် - ဗြဟ္မာကြီး စိတ်ဆိုး။ မယ်မ ကမ္ဘာကြီးကို ဗြဟ္မာကြီးက ဖန်ဆင်းတာ ×××× ပုဏ္ဏားကို လျှူ ရင် နတ်ပြည် ရောက်မည်
ဟာ - တယ်ဖြင့် မြတ်ပါလား
အခန်းတွင်း၌ အနားယူနေသော ဘူရိဒတ် နဂါးမင်းသား ကြားလေလျှင် . . . . .
ဟာ - ခုလွပါဘဲ ××× ဒီပုဏ္ဏား - ပေါက်ကရတွေ လုပ်ဇာတ်ခင်းနေပြန်ပြီ။ နဂါးတွေကလဲ ယုံကြတာဘဲ။ ငါကိုယ်တိုင် ထွက်ရှင်းမှ မှ ဖြစ်တော့မယ် ×××
ကဲ - ကဲ - ငါ့ကို ထုမရွှေ့ - ပုဏ္ဏားရှိရာသို့ ပို့ကြကွန်လော့ ×××
ဘူရိဒတ်သည် ပုဏ္ဏားအနီး ရပ်ကာ ရှင်းပြ၏
သူပြောတာတွေကို - ကိုယ်ပိုင် ဉာဏ်နှင့် ဆင်ခြင် ကြည့်ကြပါ။ ကမ္ဘာလောကကြီးကို ဗြဟ္မာတွေက ဖန်ဆင်းတယ် ဆိုရင် - ဆင်းရဲသားတွေ ဘာလို့ ဖန်ဆင်း သလဲ။ သူချမ်းသာ များသာ ဖန်ဆင်းပါလား ××××× ပုဏ္ဏား ရေနစ်လို့ သဲရေနှစ်ရာ ရေငန်ရင် - ပုဏ္ဏား ရေချိုးတဲ့ မြစ်ရေ ဘာလို့ မငန်သလဲ။ သားတွင်း မှာ ပုဏ္ဏား မဆင်းဘဲ ဘာလို့နေသလဲ ။ ပုဏ္ဏား လျှူမှ နတ်ပြည် ရောက် မည် မဟုတ်။ အလှူပေး ရင် - ကောင်းရာ သုဂတိ ရောက်ရမှာ ပေါ့ ××× ပုဏ္ဏား မဟုတ်လဲ - - - မဒင်တတ်တဲ့ လူတွေ အများ ကြီး ရှိ ပါတယ် ××
အမယ်လေး - နောင်တော် ဘူရိဒတ် ရှင်းမှလို့ သိရ - အညာမခံရတဲ့ ×××× တယ် ယုတ်တဲ့ ပုဏ္ဏား သွားလော့ ×××
ထွက် သွား
သွား
သွား
ထိုအခါမှ နဂါးများသည် ပုဏ္ဏား လိမ်လည် ပြောသည်ကို ရိပ်မိကာ နှင်ထုတ်ကြလေသတည်း


စန္ဒကုမာရ
ဇာတ်တော်ကြီး
၁
ပန်းချီ-ဦးဘကြည်
တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ၊ ဟူသော စကားထဲမှ သတ္တမ စာလုံးဖြစ်သော (စံ) ဆိုသည်မှာ စန္ဒကုမာရမင်းသား ၏ ဘဝအကြောင်း ကို ဆိုလိုသည်။
ပုပ္ဖဝတီပြည်တွင် ဝသဝတ္တိ မင်းကြီး မင်းပြုလေ၏။ ထိုမင်းကြီးသည် အလွန် ရိုးသားသော်လည်း ဉာဏ်ပညာနည်းသောမင်းဖြစ်၏
သားတော်များထဲတွင် ဉာဏ်ပညာအမြော်အမြင် နှင့် ပြည့်စုံသောသားတော် စန္ဒကုမာရကို အိမ်ရှေ့စံ ရာထူး အပ်နှင်းထားလေသည်
သို့သော် ပုရောဟိတ် ပုဏ္ဏားကြီးအားပညာရှိ ဟုဆိုကာ တရားလွှတ်တော် စီရင်ရေးကို ဝကွက်၍ အပ်ထား လေသည်။
ထိုပုဏ္ဏားကား တံစိုးလက်ဆောင် အလွန်ယူကြောင်းကို မင်းကြီးမသိချေ။



တနေ့တွင် တရားရှုံးလာသော လူတယောက်သည် တရားလွှတ်တော်မှ ရေရွတ်ထွက်လာရာ ညီလာခံဝင်မည့် စန္ဒကုမာရမင်းသားနှင့်ဆုံ၍
ဘိမ်ရှေစံမင်းသားသည် တရားလွှတ်တော်သို့ ဝင်၍ အမှုကိုပြန်လည် စစ်ဆေးကာ မှန်သော ထိုသူကို အနိုင်ပေးလိုက်ရာ –
ထိုသတင်းကိုကြားလျှင် ဝသဝတ္တိမင်းကြီးသည် တရားလွှတ်တော်၌ ဘိမ်ရှေစံမင်းအား တာဝန် လွှဲအပ်တော် မူလိုက်တော့၏ ။
ထို့ကြောင့် စဏ္ဍာ ဟာလ ပုဏ္ဏားကြီး သည် ရန်ငြိုး ထားကာ မင်းသား၏ ပျက်စီးရာ ပျက်စီးကြောင်းကို အခွင့်အခါ စောင့်နေ၏ ။
တနေ့တွင် ညီလာခံ၌ ဘုရင်ကြီးက –


××× နတ်ပြည်ဆိုတာ - တယ်ခမ်းနားတော့ ကျယ်ပါလား။ နတ်သားတွေ ကိုယ်ရောင်ဟာ ဖိတ်ဖိတ် တောက်ပြီး - နတ်သမီးတွေကလဲ ဝိုင်းဝိုင်းလည်လို့။ နတ်ဘုံ နတ်နန်းကလဲ ဝေဝေဆာပြီး ×× နတ်ပြည်ဆိုတာ ×× တယ် အရသာထူးကဲတာကလား ××× အကောင်းတွေ ဖန်သမျှ အကုန်စုနေတာ ဘဲလား ×××
ရွှေဘုန်းတော် - ရွှေကံတော်ကြီးမြတ် လှလို့သာ - နတ်ပြည်သို့ - ကျွန်တော်တို့ မျက်ဝါး ထင်ထင် - ကြည့်ရှုနိုင်ခွင့်ရတာဘဲ ဘုရား ×××× ကျွန်တော်တို့ အဖြစ်မျိုး တခါမှ မကြားစဘူး အံ့ဩထူး လှပါသည် ဘုရား။
အိမ်း - ငါကိုယ်တော်မြတ်လည်း နှစ်သက်တော်မူသည်။ ထို့ကြောင့် နတ်ပြည်သို့ ရောက်ရန် မည်သို့သော ကောင်းမှုကုသိုလ်တော်များ ပြုလုပ်သင့်သည်ကို --- ပညာရှိ ပုရောဟိတ် ပုဏ္ဏားကြီးတင်စေများ ××
ထိုအခါ ပုဏ္ဏားကြီးက တွေးတော ပြီး
ဟီး - အကွက်တော့ ဆိုက်ပြီ။ ငါ့ကို အရှက်ခွဲအောင် လုပ်တဲ့ အိမ်ရှေ့မင်းသားကို လက်စားချေရတော့မည် ××× ဟီး××
မှန်လှပါ ဘုရား - သူတပါး မပြုလုပ်နိုင်သော --- ထူးကဲ မွန်မြတ်သော အလှူကြီး ပေးလျှင် နတ်ပြည်သို့ ရောက်ကြပါသည် ဘုရား ×××
ဘယ်လို ထူးကဲသော အလှူမျိုးဖြစ်ကြောင်း အမြန်တင်လော့ ....
ဟီး - မရိုးမိ အောင်တော့ ပရိယာယ်သုံးပြီး ခပ်ထွေးထွေး တင်မှဖြစ်မယ် ××
သွေးမျိုးစုံနှင့် ယဇ်ပူဇော် လျှင် - ကောင်းမှုချ ကျွန်ုပ်ခန္ဓာကိုယ်ဖြင့်ပင် - နတ်ပြည် ရောက်ကြောင်း သာဓကရှိ ပါသည် ဘုရား



အလို...... တယ်ဟုတ်ပါလား................ ။ ဒီလိုသာ ဘဝမကူးဘဲ သွားလိုရ ရှင် ယခုပင် ပြင်ဆင်ရန် လိုအပ်သည်များကို ပြုလုပ်ရန်တင်လော့ xxx
မှန်လှပါဘုရား --- ဒါယိုးဟာ နှုတ်မြွက်ပြီးပါက - ပြန်ရုတ်၍ မရပါဘုရား။ ထို့ကြောင့် ရှေ့ဆိတ်တော် သန္နိဋ္ဌာန် ချပြီးမှသာ ခွင့်တော်မူရန်ဖြစ်ကြောင်းပါဘုရား ......
အမြန်တင်လော
ဤအလှူကြီးကို သဗ္ဗစတုက္က ယဇ်ပူဇော်ပွဲဟု ခေါ်ကြောင်းပါဘုရား xxx
x ဆင်လေးစီး၊ မြင်းလေးစီး၊ နွားလားဥသဘလေးကောင်၊ သမီးတော်လေးပါး၊ သားတော်လေးပါး၊ မိဖုရားလေးပါး တို့၏ လည်ချောင်းသွေးကို - ရွှေခွက်ဖြင့်ခံယူ၍ သဗ္ဗစတုက္က ယဇ်ပူဇော်ရန် ဖြစ်ကြောင်း သံတော်ဦးတင်ပါသည်ဘုရား xxxx
ဟိုက်
ဟော
ဟင်
ဟယ်
ဟာ
ဘုရား ဘုရား
xxx အရှင် မင်းကြီး - ဤပူဇော်ပွဲကို ကျင်းပနိုင်ပါ၏လော



ဆက်ရန်




ဇာတ်တော်ကြီး
၂
ပန်းချီ-ဦးဘကြည်
ဓညာဟာလ ပုဏ္ဏားကြီးက ပူဇော်ပွဲကို ကျင်းပနိုင်ပါ၏လောဟုတင်လျှောက်သဖြင့်
...ခုတ်ပြည်သို့ ရောက်ကြောင်း ကောင်းမှုဖြစ်၍ - အဘယ်ကြောင့် မပူဇော်နိုင်ဘဲ ရှိအံ့နည်း။
အရှင်မင်းကြီးသည် ကောင်းမှုပြုရာ၌ ရဲရင့်တော်မူပါပေသည်။ အရှင်မင်းကြီးက သာ-ရွှေနန်းတော်မှနေ၍ စီမံတော်မူပါ××× ×××ကျွန်တော်မျိုးကြီးအားယဇ်ပွဲအတွက် သွား၍ ယူပင်-ဆောင်ရွက်ခွင့်ပေးသနား တော်မူပါဘုရား- ××××××××
ပုဏ္ဏားကြီးသည် အလုပ်သမားများကို ခေါ်ယူ၍ မြို့ပြင်သို့ သွားလေသည်။
တောအုပ်တခုကို လူသူလေးပါးမဝင်နိုင် မကြည့်နိုင်အောင် ဝင်းခတ်ပြီးလျှင်
ယဇ်တွင်းကို စနစ်တကျ တူးရန်
ကိုယ်တိုင် ကွပ်ကဲလေသည်။



နောက်တနေ့တွင် အိမ်ရှေ့စံ မင်းသား စန္ဒကုမာရ အိမ်တော်၌ ......
ခမည်းတော်ဘုရင်ကြီး၏ အမိန့်တော် အရ - အရှင် မင်းသား အား ဖမ်းဆီးရန် ဖြစ်ကြောင်း ပါဘုရား
ဟေ-- အဘယ် သို့သော အကြောင်းကြောင့် ဖြစ်သနည်း
မှန်လှပါ ဘုရား - ခဏ္ဍဟာလ ပုရောဟိတ်က - ဘုရင်ကြီးသည် အဝမကျန်းဘဲ လူ့ကိုယ်ဖြင့်ပင် နတ်ပြည်သို့ ရောက်နိုင်စေခြင်း အကျိုးငှာ - အရှင်မင်းသား စသည်တို့အား - သမ္ဗစတုဏ္ဍ ယဇ်ပူဇော်ပွဲ ပြုလုပ်ရန် အတွက် - အမိန့်တော် ချမှတ်ကြောင်းပါ ဘုရား×××××
ပိုက် - ရှိုင်းလိုက်လေ - ကျွပုဏ္ဏားယိုက်က ငါကိုယ်တော် အား ဂလိ ဖြတ်စားချေလိုမှ သာ - ပက်ပက် စက်စက်ကြံ ရက်ပလေတယ်-- .... ထားဦးလော့ ကျန်သူများကား မသိမသိုင် ခံကြရပေ ဦးမည်တကား××××××
××× အခြားလူတွေကို ကယ်ဆယ်ရန် ခမည်းတော် အား နားချ သံတော်ဦး တင်မှ ဖြစ်ချေ မည်... ငါ-ကိုယ် တော်၌ တာဝန် မကင်း ပေတကား
ထို့နောက် အိမ်ရှေ့စံ မင်းသားနှင့်အခြား သားတော်သုံးပါးကိုပါ ဖမ်းသွားလေ၏။
ထို့ပြင် ဘုရင့်သမီးတော်လေးပါးကိုငင်း


မိဖုရား လေးပါးကိုငှင်း ဖမ်းဆီးလေ၏။
မင်းညီမင်းသားများကို ဖမ်းစဉ် ဆွေတော်မျိုးတော်များမှာ ကြောက်လန့်ကြ၍ ကြိတ်မှိတ်ကာ ပူဆွေးကြ၏။
ခမည်းတော်ဘုရား ရက်စက်တော်မူလှချေရဲ့ဘုရား
သို့သော် သူဌေးကြီးလေးယောက်ကိုဖမ်းသော
အခါ၌ကား ဆွေမျိုးများသည် ပူဆွေးရုံမျှမက ပြင်းစွာ အချက်ထွက်ကြ၏။
ဒါလား တရားမြည့်ဝတဲ့ ဘုရင်ဆိုတာ
ဟဲ့ - ဟဲ့ ရှင်နားတော် ပေါက်သွားပါ့မယ်
အို - ကြားကြား ဘာထူးတော့မှာမို့လဲ
ရပ်ရွာများပင် ချောက်ချားသွားလေသည်။
အေးတဲ့ - သူဌေးကြီး ကို - ယမ်ပူဇော်ဖို့ ဖမ်းသွားလို့တဲ့... ဆွေမျိုးတွေ - လူငယ်တွေက မခံမရပ်နိုင်အောင် ဖြစ်နေသတဲ့
တိုင်းသူပြည်သားတို့သည် ဘုရင်အာဏာကို မတော်လှန်ရဲသော်လည်း သွေးဆူကာ ဟစ်တိုင်မှ စုဝေး ဟစ်ကြော်ကြ၏။
ဟစ်တိုင်
ကယ်တော်မူပါဘုရား
ကယ်တော်မူပါဘုရား
အပြစ်ကင်းမဲ့သော သူဌေးကြီးများအား လာရောက်ဖမ်းဆီးနေပါသောကြောင့်......
ကယ်တော်မူပါဘုရား


မည်မျှပင် ကျယ်လောင်စွာ အော်ဟစ် ဆန္ဒပြုကြသော်လည်း ဝသဝတ္တိမင်းကြီး ကား လျစ်လျူရှု နေတော့၏။
ကယ်တော်မူပါ ဘုရား
ကယ်တော်မူပါ ဘုရား
တဖန် စီးတော်ဆင်လေးစီးကိုငင်း -
နွားလား ဥသဘ လေးစီးကိုငင်း၊
မြင်းလေးစီး ကိုငင်း ဖမ်းဆီး ပြီးသော အခါ -
တာဝန်ကျသော အမှုထမ်းက ဘုရင်ထံ သို့ သွား၍ ပုဏ္ဏားကြီး ရှေ့မှောက်၌ပင် သံတော်ဦး တင်လေ၏။
×× သူတို့ခမျာ - ငါ - ခမည်းတော်၏ ယဇ်ပူဇော်ပွဲ အောင်စေခြင်းအကျိုးငှာ အသက် စတေးခံကြရမည် ဖြစ်သည်....
နံနက်မိုးသောက်၍ နက်ဖြန် ရောက်လျှင် ယဇ်ပူဇော်ရမှာပို့.-
---မင်းကြီးများ-- ထိုသူများကို ယနေ့ညအတွက် လိုလေသေးမရှိအောင် စံပျော်နိုင်ရန် မြည့်မြည့် ချုံ့ချုံ့ ဗီမံကြစေများ××××××××

ဆက်ရန်



စန္ဒကုမာရ ၂
ဇာတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
နံနက်မိုးသောက်၍ အလင်းသို့ရောက်သော် ဝသဝတ္တိမင်းကြီး၏ မယ်တော်ကိုယ်တိုင် ဖျောင်းဖျ ပြောဆိုလေ၏။
သားတော် ဘုရင်မင်းမြတ်... အသက် စတေးပြီး ယဇ်ပူဇော်ခြင်း ဖြင့်တော့ - နတ်ပြည်ကို မရောက် နိုင် ပါဘူး - သားတော်...
ဤကိစ္စ သည် ပညာရှိ ပုရောဟိတ်ကြီး၏ လမ်းညွှန်မှု ဖြစ်ကြောင်းပါ
တဖန် မင်းကြီး၏ ဖခမည်းတော်ကလည်း-
သားတော်..... ဉာဏ်ဖြင့် ဆင်ခြင်လော့။ ယဇ်ပူဇော်သည် ဆိုသည်မှာ - သူများ အသက်ဖြင့် စတေး၍ ပြုလုပ်ရလေတော့ - အကုသိုလ် မကောင်းမှု ပင် မဟုတ်လော xxxx xxxxxxxxxxxxx
သို့သော် မင်းကြီးက ဆိတ်ဆိတ်နေ၏။
သားတော် စန္ဒကုမာရ ကိုယ်တိုင် အခစား ဝင်ခွင့်တောင်း၍ သံတော်ဦးတင်၏။
ဘုန်းရှင် - ကံရှင် - သဘာရှင် - အသက်သခင် - ကျေးဇူးရှင် - ခမည်းတော် ဘုရင်မင်းမြတ်ဘုရား သားတော် တို့ကိုပုဏ္ဏား လက် သို့ ကျေးကျွန် အဖြစ် ပေး အပ်လိုက - ပေး အပ်တော်မူပါ xxx အသက် ကိုတော့ ချမ်းသာ ပေးတော်မူပါဘုရား xxxxxx
xxx သို့တည်းမဟုတ် - လည်ပင်း ခလောက် ဆွဲ၍ - ဆင်ထိန်း မြင်းထိန်း အလုပ်ကို ခိုင်းတော်မူလိုကလည်း ခိုင်းတော်မူပါ -- အသက် ကိုတော့ မသတ် ပါနှင့်ဘုရား
xxx သို့တည်းမဟုတ် - ခေါင်းနေ ရွှေပြည်တော် မှ - နှင်ထုတ်လိုပါကလည်း - နှင်ထုတ်တော် မူပါ xxx ရောက်ရာအရပ်မှာ တောင်းစားရ- စားရ နေပါတော့မည် - ရှိုက် - ရှိုက် - အသက်ကိုတော့ မသေပါရစေနဲ့ဘုရား xx xxxx အဟီး
ရှိုက် ရှိုက်
သားတော် ငို၍ လျှောက်သော် ရွှေစိတ် တော် ထိခိုက်ပြီး အမိန့်တော်ချလေ၏။
မင်းကြီးများ - သားတော် စန္ဒကုမာရ မင်းသား နှင့် တကွ ဖမ်းဆီးထားသူ အားလုံးကို ယခုပင် သတ်စေ...



ထိုအမိန့်တော်ကိုကြားလျှင် သက်ဆိုင်ရာ မင်းချင်းတို့က ဖမ်းထားသူများအားလုံး ကို လွှတ်ပစ်လိုက်လေသည်။
ဘုရင်ကြီး အမိန့်အရ အားလုံး လိုရာသွားနိုင်ကြပါပြီ
ကျွဲတွင် မခံရပ်နိုင်သူတဦးက ယဇ်တွင်း စီမံနေသော ပုဏ္ဏားထံ သွား၍......
ဟယ် - ပုဏ္ဏားယုတ် ဘုရင်ကြီးက - ငါ့ သားများကို လွှတ်လိုက်ပြီး သင့်သားတို့ကိုသာ သတ်ပြီး - လည်ချောင်းသွေး ဖြင့် ယဇ်ပူဇော်လော။
ဟား ဟား ဟား ဟား
ဟား ဟား ဟား ဟား
ပုဏ္ဏားကြီးသည် အလွန်တရာ အံ့သြပြီး ရွှေနန်းတော်သို့ အလျင်အမြန် ပြေးသွားကာ မင်းကြီးထံ အခစားဝင်၍----
ဟောဘဲ - ဟောဘဲ - - အရှင်မင်းကြီး.....
သဗ္ဗစတုက္က ယဇ်ပူဇော်မျိုး ဟာ - ကိုယ်တိုင်ပြုလုပ်သူကိုမဆိုထားဘိ - သူတပါး ပူဇော်သည်ကို - ဝမ်းမြောက်သူပင် - နတ်ပြည်သို့ သွားရပါသည် ဘုရား ××××××
ဟောဘဲ ဟောဘဲ
အဆင်ခြင်ဉာဏ်နည်းသော မင်းကြီးသည် ပုဏ္ဏားကြီးက မင်းသားအပေါ် ရန်ငြိုးဖြင့် ပြောသည့်စကားကို မရိပ်မိချေ။
ဟေ - - ဟုတ်ကဲ့လား
သားတော်ကို ပြန်ဖမ်းစေဗျား
စန္ဒကုမာရသည် ဘုရင့်ရှေ့တော်မှောက် ရောက်လျှင် လျှောက်တင်ပြန်၏။
ခမည်းတော်ဘုရား — သားတော်သည် - ဆင်စီး - မြင်းစီး - စစ်ဆင် - စစ်တက် ကျွမ်းကျင်၍ - သောင်းကျန်းသူများကို - နှိမ်နင်းပေးခဲ့သည် မဟုတ်ပါလော×××××× သို့ဖြစ်ပါလျက် - အဘယ့်ကြောင့် သားတော်ကို သတ်၍ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်လိုပါသလဲ - ဘုရား
××မြက် - သစ်ကိုင်းခြောက်တို့ကို အသိုက်လုပ်နေသော ငှက်များပင် - မိမိတို့၏ သားသမီးများကို ချစ်ခင် ယုယစွာ စောင့်ရှောက်ကြကြောင်းပါ ဘုရား×××
×××ခဏ္ဍဟာလ ပုဏ္ဏား စကားကို ယုံကြည်တော်မမူပါနဲ့ ဘုရား။ သတိချပ်တော်မူပါ




××× ပုဏ္ဏားတို့မည်သည် များသောအားဖြင့် ကျေးဇူးမသိတတ်ကြပါဘုရား။ ထမင်းသခင် ကျေးဇူးရှင်ကိုပင် ပြန်လည်ဖျက်ဆီးတတ်သော - သာဓက များစွာရှိသည် မဟုတ်ပါလော ဘုရား××××
××× သားတော်တို့ကိုအသက်ပေးမှ ချမ်းသာပေးတော်မူပါ။ သားတော်တို့မှာအပြစ်တစုံတရာ ရှိပါက - ရွှေမြည်တော်မှ နှင်ထုတ်တော်မူပါ။ ရောက်ရာအရပ်မှာ - တောင်းစားပါ့မည် ဘုရား×××
အိမ်း
သားတော်များလွတ်စေ...
ခဏ္ဍဟာလ ပုဏ္ဏားလည်း သတင်းကြား၍ ပြန်ရောက်လာကာ ထိုအမိန့်ရုပ်သိမ်းရန် ပြင်းပြင်းထန်ထန် တင်ပြန်၏။
×××××× ×××××× ရွှေစိတ်တော် ကျွမ်းမှု ပျော့ညံ့လျှင် - နတ်ပြည်နှင့် ဝေးသည်ထက် ဝေးလိမ့်မည်။ အတောင်နှစ်ဆယ်ဝတ် - မင်းယောကျ်ားကဘိ။ သတ္တိတော် ရှိစေးပါဘုရား
အိမ်း - ဖမ်းစေ
ပြန်အဖမ်းခံရသဖြင့် သားတော်အိမ်ရှေ့စံ လည်း ထပ်မံ၍ လျှောက်လဲပြန်၏။
××× ခမည်းတော်ဘုရား - ခုနဲ့လေး တွေးကြည့်တော်မူပါ။ အကယ်၍သာ - သားကိုသတ်၍ ယဇ်ပူဇော်လျှင် နတ်ပြည်ရောက်သည် ဆိုပါက... သူ့သားသူသတ်၍ နတ်ပြည်သို့ သူ့အရင် သွားမည် မဟုတ်ပါလော....ဘုရား
×× သူ့ကိုယ်တိုင် နတ်ပြည်ရောက်နေပြီဟု သိရလျှင်... သားတော်တို့ ဖ-ခမည်းတော် နတ်ပြည်ရောက်ခွေင်းဌာ - ကြည်ကြည်ဖြူဖြူ- အသက်ကို အစတေးခံပါ့မည်ဘုရား
တဖန် ဝန်ကြီးများကိုအကူအညီတောင်း၏
အဘဘုရားတို့×× ပိုင်းကူ လျှောက်လဲ ကြပါဦးလော့
သို့သော် မည်သူမျှ မကူရဲကြပေ။



မင်းသား၏ ကြင်ရာတော်များကို ဝိုင်းဝန်းတောင်းပန်စေ၏။ သို့သော်
မအောင်မြင်၍ စိတ်ဓာတ်ကျရှာလေသည်
မတတ်နိုင်သည့်အဆုံး၌ စဏ္ဍာဟာလ ပုဏ္ဏားအား ကြင်ရာတော်များက တောင်းပန်၏
ပရောဟိတ်ကြီး ရယ်... မောင်တော့် အသက်ကို ကယ်ပေးတော် မူပါ×××××
သို့သော် မရပေ။
ငါနဲ့ ဘာဆိုင် လို့လဲ...
ဒါ--ဘုရင့် အမိန့်တော် ကဘဲ။
သွား ကြ- သွား
ထိုသို့ ဌာနနန်းတော်တွင်း၌ ဆောက်တည်ရာ မရအောင် ပူဆွေးနေကြစဉ်--- မင်းသား၏ သားငယ်သည် ဘုရင်ကြီးထံ ပြေးဝင်သွားပြီး---
မြေးတော် ငိုသံကြားသော မင်းကြီးသည် နှလုံးကွဲမတတ် ခံစားရပြီး မြေးတော်ကို ကောက်ချီကာ
ချစ်သား - တိတ်လေ---
သား တော်ကို လွှတ် စေ....
ဆက်ရန်



ဓမ္မကထာ
ဓာတ်တော်ကြီး
၄
ပန်းချီ-ဦးဘကြည်
ခတ္တုပ္ပါကာလ ပုဏ္ဏားလည်း ဗွတ်အတင်း ပြောပြန်ရ ဉာဏ်ပညာမဲ့သောမင်းကြီးမှာ
အတွေးရခက်နေစဉ် တဆင့်တက်၍ သွေးထိုး ပြောလိုက် ပြန်၏ ။
ဟေ
ဖမ်း စေ....
ကျွဲတွင် ဖမ်းထားသော သူများကိုချက်ချင်း ပင် မြို့ပြင်သို့ ခေါ်ဆောင်သွား စေ၏ ။
တိုင်းသူပြည်သားများသည် ရုတ်ရုတ် သဲသဲ ဖြစ်ပြီး လိုက်ကြည့်သည်ကို
သနားပါတယ် ဟယ်
ရက်စက် လှချေ ကလား
တစုံတရာ အုံကြွမှုဖြစ်မည်စိုးသောကြောင့် မြို့တံခါးကို ပိတ်ထားလိုက်ရ၏ ။
ယဇ်တွင်းဝတွင်ရှိနေသော ဘုရင်ကြီး အား မိဖုရားတော်က ရလိုရငြား ဝင်တောင်းပန်သေးသော်လည်း - မရ ။



တောင်းပန်ရှိ မရသည့်အဆုံး၌ ပုဏ္ဏားကြီးကို ဝိုင်းကျိန်ဆဲမိကြလေသည်။
စိတ်ထား ယုတ်မာတဲ့ ပုဏ္ဏားကြီး - အကြံ ပက်စက်တဲ့ ပုဏ္ဏားကြီး.... တိုင်းပြည်က ချစ်တဲ့ - အမြင်ကောင်း စင်တဲ့ - သူတော်ကောင်း ဖြစ်တဲ့ - မင်းသားကို သတ်တာ. ...ငါတို့တွေ သေကွဲ ကွဲသလို ကွဲပါစေ ...ငါ့ဘိုတွေ စိတ်ဒုက္ခရောက်သလို ရောက်ပါစေ××××××
အိမ်ရှေ့စံ၏ကြင်ရာတော်ကလည်းလျှောက်တင်၏
တိုင်းသူပြည်သားတွေကို ချစ်ခင်သနား စောင့်ရှောက်ရသည့် ရေမြေ့သခင် ဘုရင်မင်းမြတ်ဖြစ်ပါလျက် - အဘယ့်ကြောင့် ရင်သွေးတော် - သားတော် အိမ်ရှေ့စံကို သတ်ရက်ပါသလဲ .... ဘုရား .....
မချစ်၍ သတ်သည်မဟုတ်။ နတ်ပြည်သွားလိုရှိသော သတ်ခြင်းဖြစ်သည်
မောင်တော်ကို သတ်ရမှာဖြစ်မည် ဆိုတော်မူပါလျှင် - ဘုရား နှမကိုလည်း တပါတည်း ကွပ်မျက် တော်မူပါဘုရား×××
ဟယ် - ချွေးမတော်.. ကြင်ရာတော် အသက်ရှမှာပေါ့.....
မောင်တော် စန္ဒကုမာရ မရှိလျှင် ဘုရားကျွန်မမှာ အသက်ရှင်နေသော်လည်း အဓိပ္ပါယ် မရှိတော့ပါဘုရား... သို့ဖြစ်၍ မသတ်လျှင်လည်း အဆိပ်သောက် သေတော့အံ့
တိတ်
စန္ဒာသည် အိမ်ရှေ့စံကို သွားကန်တော့ရာ
နှမတော်..... မောင်တော် ဝတ်ဆင်ထားသည့် လည်ဆွဲ၊ နားတောင်း၊ လက်စွပ်၊ စသည်တို့ကို လက်ဆောင်အဖြစ် ချွတ်ယူလော...
မယူလိုပါဘုရား... ဈေးက - ရွှေငွေ ကျောက်သံ ပတ္တမြားများသာ ဆင်မြန်းနေလေ့ရှိတဲ့ - မောင်တော်ရဲ့ လည်ဂုတ်ပေါ်သို့ သံလျက်ဓါးသွားကျလျှင် - နှမတော်လဲ နှလုံးကွဲ၍ - သေမှာဝင်မှာပါဘုရား
ထိုအခိုက် ယဇ်တွင်း၌ ပူဇော်ဘွယ်ရာ ကိစ္စ အဝဝတို့ ပြီးနေပြီ ဖြစ်၍-
အချိန်ကျပြီ၊ အိမ်ရှေ့မင်းသားကို... ပထမ ခေါ်ဆောင်ခဲ့လော့
စန္ဒကုမာရ ရောက်လာလေလျှင်
မင်းကြီး.... ဟီး.... နတ်ပြည်သွားရတော့မယ်--နော့။ ကဲ - ကဲ - သံလျက်ပေးပါလော---
မင်းသား - ဦးသော် ဖြီး.. တွင်းဝမှာ လည်ခင်းထား


××သံလျက်နဲ့ ခေါ်ကို ထိုးပြီး - သွေးကို ရွှေခွက်နဲ့ခံပြီး - ယာဇ် ပူဇော်တော့မယ်××
ထိုသို့ ယာဇ်ပူဇော် အံ့ ဆဲဆဲကို တွေ့လျှင် ကြင်ရာတော်မှာ မကြည့်ရက်ဘဲ -
ဘုရား - ဘုရား---- ငါ့မှာ သစ္စာပြု ဘို့မှတပါး ဘာမျှ မရှိတော့ ပါလား ×××
သစ္စာဆို လေတော့သည်။
ပညာဖြဲ့ သည့်ခဏ္ဍပါလ ပုဏ္ဏားသည် မကောင်းမှု ကို - ပြုနေသည် မှန်ပါ ဤမှန်သော သစ္စာ စကား ကြောင့်... ဆောင်တော် အိမ်ရှေ့စံ ဘုရားနှင့် ဆက်လက်၍ အတူပေါင်း ရပါစေသား×××××
ဤအရပ်၌ ရှိကြကုန်သော နတ်ဒေဝါ အပေါင်း တို့×××××× ရှိုင်းမတော်မူကြပါကုန်လော့.... နတ်မင်းတို့အား တောင်းပန်ပါ၏..... အကျွန်ုပ်အား ချစ်သူနှင့် ကင်းအောင် မည်သူမျှ မလုပ်နိုင်ကြပါစေ သတည်း ×××××××××××
ထို သစ္စာစကားသည် သိကြားမင်း ထံ ရောက်သွားသဖြင့် -
အလို - အလို - လူ့ ပြည်မှာ - ဒီလို တော် ကောင်း တွေကို သတ်ကြ မလို့ ပါလား
လူ့ပြည်ဆင်း၍ ကယ်ဆယ်မှဖြစ်မည်
ရုတ်ချည်းပင် ယာဇ်တွင်းဝ နားတွင် ကိုယ်ထင်ပြပြီး -
ဟယ် -- မင်းဆိုး မင်းယုတ် ××××× နတ်ပြည်ကို တောင့်တပြီး လူ့သူတော်ကောင်းတွေ မသတ်နှင့်... ဒီပိန် ဖြုတ်ပိုသလော.... ရှောင်ရှားကြလော့....


ထိုအခါ ဘုရင်ကြီး နှင့်ပုဏ္ဏားတို့သည် သေပြေး ရှင်ပြေး-ပြေးကြ၏ ။
အနီးရှိ တိုင်းသူပြည်သားတို့ကလည်း ခဲများဖြင့် တယောက် တလက် ဝိုင်းပစ်ခတ်ကြ၏ ။
ခဏ္ဍဟာလ ပုဏ္ဏားပွဲချင်းပြီးသေလေ၏ ။
ဝသဝတ္တိမင်းကြီးကား မပြေးနိုင် ။ သူ့ကို လက်ရ ဖမ်းမိကြလေသည် ။
ထိုသို့ သွေးပွက်ပွက်ဆူကာ ဒေါသများ ထိန်းမရအောင်ဖြစ်နေချိန်တွင် စန္ဒကုမာရ မင်းသားပြေးဝင်လာပြီး တောင်းပန်၏ ။
မိမိတို့ ချစ်ခင် အားကိုးသော အိမ်ရှေ့စံ ကို အားနာရှာသော စိတ်တိုင်းကျ မပြု လုပ်ရသည့် အဆုံး၌ ဘုရင်ကြီး အား အဆောင် အယောင်များ ချွတ်ကာ ရသေ့ ဝတ် ပေးလိုက်ကြ၏ ။
စန္ဒကုမာရ မင်းသားကိုကား ဘုရင်အဖြစ် ခန်းတင် မြှောက် စားကြလေသတည်း ။



နာရဒ
ဇာတ်တော်ကြီး
၁
ပန်းချီ-ဦးဘကြည်
တေ-ဇ-သု-နေ မ.
ဘူ-စန်-နာ-ဝိ-ဝေ.
ဟူသောစကားထဲမှ
အဋ္ဌမ စာလုံးဖြစ်သော
နာ ဆိုသည်မှာ
နာရဒ-ရသေ့ကြီး
အကြောင်း
ဖြစ်သည်
အင်္ဂတိ မင်းကြီးတွင် သားတော်-သမီးတော် ဆို၍ မိဖုရား ခေါင်ကြီးမှ ဖွားမြင်သော သမီးချော ရုစာဒေဝီ ဆိုသူ တယောက်သာရှိ၍ အလွန်ချစ်မြတ်နိုး၏၊
အရွယ်ရောက်လာသော အခါ၌လည်း ကောင်းခြင်းငါးဖြာ နှင့် ပြည့်စုံသော သမီးတော် ဖြစ်လေရကား မင်းကြီးက လိုလေသေးမရှိအောင် ထား၍-
နေ့စဉ်နေ့တိုင်း- ပန်းမျိုးစုံကို၄င်း၊ အဝတ်အစားများကို ၄င်း၊



စိန်ရွှေ လက်ဝတ်လက်စား များကိုငှင်း၊
ငွေသား တထောင် ကိုငှင်း၊
ချီးမြှင့်သောကြောင့် နေ့စဉ်ပင် အလှူကြီး အတန်းကြီး ပေးနိုင်လေသည်။
ဘုရင်ကြီးတွင် အတိုင်
ပင်ခံ သုံးပါး ရှိ လေသည်
တခုသော တန်ဆောင်မုန်းလ၌
နက္ခတ်သဘင် ဆင်နွှဲ နေကြစဉ် -


ဘုရင်ကြီးက တိုင်ပင်တော်မူ၏။
မင်းကြီးများ........ ယခုလို သာယာကြည်နူးဖွယ်ကောင်းသော အခါသမယ၌ - အဘယ်ကဲ့သို့ မြူးပျော်ရလျှင် ကောင်းပါအံ့နည်း
ထိုအခါ ဝိဇယ ဝန်မင်းက တင်၏။
ယခုလို အခါမျိုးတွင်. လူအများ ပျော်မြူး၍ သတိ ကင်းလွတ်စွာ နေကြသည်ဖြစ်ရာ အခွင့်ကောင်းကို ယူကာ အရှင်မင်းကြီး၏ သြဇာတော် မခံယူသော တိုင်းငယ်ပြည်ငယ်များကို စစ်အင်္ဂါလေးရပ် ခင်းကျင်း၍ သိမ်းသွင်းရန် သင့်သော မင်္ဂလာ အခါတော် ဖြစ်ကြောင်းပါဘုရား××××××
×××× သို့ပါလျက်နှင့်မှ မလိုက်လျောသော ပြည်ငယ်ကိုတော့ - အာနုဘော်နှင့် သင့်ကြောင်း ပါဘုရား
ယခုလို အေးချမ်းတဲ့ အခါမျိုးမှာ - စစ်ချီရန်စိတ် မွှားစဉ်း မျှ မရှိဖြစ်နေသည် ဝိဇယ အမတ်ကြီး
ဟာ - ခေါ်တော်တာ ဘဲ ဝန်မင်းရဲ့××××
မှန်လှပါ ဘုရား - ယခုလို အေးချမ်းသာယာသော အချိန်တွင် ရွှေနားတော် - ရွှေခံတွင်းတော် - ရွှေမျက်စိတော် - ရွှေနှာခေါင်းတော် - ရွှေခန္ဓာတော် အတွေ့အကြုံဖြင့် အာရုံများကို××××××
အကြွင်းမဲ့ - မထားဘဲ - စည်းစိမ်တော် - ယစ်မူး သင့်ကြောင်း ပါ ဘုရား




ဒီလို စည်းစိမ်ခံတာချင်းက - နေ့စဉ်နဲ့အမျှ ခံစားနေရလို့ - ဘုရင်မင်းမြတ်များအတွက် ရိုးနေပြီ မဟုတ်လား - ဝန်မင်းရဲ့×××
မှန်လှပါဘုရား××× ရွှေစိတ်တော်တွင် ယုံမှားသံသယဖြစ်ဖွယ် ရှိသည်တို့ကို----- အကြားအမြင်နှင့်ပြည့်စုံသော - ရသေ့-ရဟန်းစသော သူတော်စင်များထံချဉ်းကပ်၍ ဆွေးနွေးတော်မူသင့်ကြောင်းပါဘုရား××× ×××××
အိမ်း ကောင်းပေစွ-ကောင်းပေစွ..... သင့်တော်ပါပေစွ...... ...သို့ဖြစ်လျှင် အကျိုးအကြောင်းကို သိတတ်သော ပုဂ္ဂိုလ်ကား - အဘယ်အရပ်၌ ရှိပေမည်နည်း - အမြန်တင် လော-------
ထိုပုဂ္ဂိုလ်ကား-- -မိဂဒါဝုန် ဥယျာဉ်တော် ၌ရှိ၍ ကဿပ အနွယ် ဖြစ်သော -ရဂဏ- အမည်ခံ - အာဇီဝက - တက္ကတွန်းဖြစ်ပါသည်ဘုရား။ အဝတ်အစားကိုလည်း ပယ်သည်။ ဆန်းကြယ်သော စကားကိုလည်း - ပြောတတ်သည်။ ဂိုဏ်းဆရာလည်းဖြစ်ကြောင်းပါဘုရား××××××
အိမ်း ကောင်း ကပြီ×××
ထို့ကြောင့် အစီအစဉ်များပြုလုပ်ပြီးသော် မိဂဒါဝုန်တောသို့ မြင်းဖြူက-သော ရထားဖြူကို ထိုးဖြူမိုး၍ ဘော်ငွေရောင်တန်ဆာဆင်ကာ ကြွမြန်းလေသည်။


ဆက်ရန်


၂
ဓါတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
အာဠဝက တက္ကသွန်းထံရောက်ကြလျှင်
တပည့်များစွာ ဝိုင်းရံလျက် ရှိသော အဝတ်မပါ ဗလာကိုယ်တော်ကိုတွေ့၏။
ဘုရင်ကြီးသည် အနားကပ်၍မေး၏။
ဆရာကြီး - ဂုဏာ.... မိဘ-ဆရာသမား - သားသမီး - သက်ကြီး ရွယ်အို - တိုင်းသူ ပြည်သား - သတ္တဝါများ အပေါ် အဘယ် သို့ ပြုကျင့်ရမည်နည်း။
နတ်ပြည် သို့ရောက် အောင် မည်သို့ ကျင့်ရ မည် နည်း
ဟား ဟား ဟားဟား
ဟီးဟီး ဟီးဟီး
ဟူးဟူး ဟူးဟူး
xxx လှူတာ တွေ xxxx
xx ဥပုသ်စောင့် တာတွေ xx
xxxxxx ပုတီးစိပ် တာတွေ x တာတွေ x ညာတွေဟာ xxx
အလကား —
ဟားဟား ဟားဟား
အာဖွ အကျိုးမရှိဘူး xxx
ဟူးဟူး ဟူးဟူး
xxx လူ့ဘဝတို့ - ခွေးဘဝတို့ - နတ်ဘဝတို့ ဆိုတဲ့ ဘဝတွေဆိုတာဟာ xxx
xxx မရှိ xxx ဟိဟိ - ဟိဟိ---
လူဟာလူပဲ


×××ဒီတော့ - ဘိုးဘွား - မိဘ - ဆရာ သမား ဆိုတာ ဘယ်ရှိလို့လဲ××××× ××လူတွေဟာ အားလုံး အတူတူဘဲ××တဲ့ - ဟဲ
××× ကောင်းကောင်းဘဲ နေနေ×× ဆိုးဆိုးဘဲနေနေ××× ရှစ်ဆယ့်လေး ကမ္ဘာဘဲနေကြရပြီး အားလုံး စင်ကြယ် သွားကြမှာဘဲ××× ဒီတော့×××ပျော် သလိုသာနေ - ကိုယ့် လူရေ××ဆို သလို ပေါ့×××× ဘုရင်ကြီး ××ရွှေဘောတော်ကျရဲ့ လား×××ဟားဟားဟား××
၈၄
ထိုအခါ မင်းကြီးနှင့် ပါလာသော အာလာတအမတ်ကဝင်လျှောက်ထား၏။
ဆရာတော်၏ ပြဿနာကို တပည့်တော် နှစ်သက်လှပါသည်။ တပည့်တော်သည် ရှေးဘဝများကို သတိရသူဖြစ်ပါ၏×× ယခင်ဘဝက - ဆိတ်နွားကျွဲကော်များကို သတ်ရသူဖြစ်ပါသည်×××××××××
××သို့သော် - ယခု ဘဝတွင် - သူဌေးသား - ပညာရှိအမတ် - စစ်သူကြီးလာ ဖြစ်ပါသည်××
သူ့အသက်သတ် တဲ့ - မကောင်းမှုတွေ လုပ်ပေမယ့် - ယခု လက်တွေ့ ကောင်းစားနေသားဘဲ - ဆရာတော် ××××××××××××
ထိုအခိုက် ငိုသံကြားရ၍ လှည့်ကြည့်ကြရာ ဗိဇက အမည်ရှိ ကျေးကျွန်တယောက် ဖြစ်နေ၍ ဝိုင်းမေးကြသောအခါ---
ဟဲ့ - ဟဲ့ - ဘာဖြစ် လို့လဲ××
ဗိုက်နာ လို့လား
ဖိုးကိုက် လို့လား
ကျွန်ုပ်လည်း ဘဝကို မြင်သူ ဖြစ်ပါတယ်× ××××× ဒီလိုတရားမျိုး ကို - အခုမှ သိရလို့ - ဝမ်း နည်း ငိုတာပါ×××
××ယခင်ဘဝက - သူဌေးသားပါ။ ကောင်းမှုကုသိုလ်တွေလုပ် လိုက်တာ စုံလို့ပါဘဲ။ ဒါပေမယ့် - ချက်ချောက် ဘဝကျတော့ အင်ခေတန် ဆင်းရဲတဲ့ အိုးထိန်း သည်မရဲ့ သားလာ ဖြစ်ပါတယ်
ရှိုက်
ရှိုက်×××



ဘုရင်ကြီးသည် ယုံကြည်ပြီး ရွှေနန်းတော်သို့ ပြန်သွားလေသည်။
နောက်တနေ့ ညီလာခံတွင်
××ငါကိုယ်တော်သည် ယနေ့မှစ၍ လောကစည်းစိမ် အပြည့်ခံယူ တော့အံ့ ××××
အမိန့်တော် ချပြီးနောက်



ရသမျှသော လောက စည်းစိမ်များ သာမက၊ သူများ သားမယားများ ကိုပါ၊ ကျူးလွန် ကာ နေတော့၏။
အမေရာ - ကိုယ့်ကို - မရှာ - သမျှ - မိန်းမဖြစ်တဲ့ ကိုယ့်ရက်ရည် ဖယ်ဖယ်
ထိုသတင်းကို ရပ်ရွာထဲ၌ တီးတိုး ကဲ့ရဲ့ ပြောဆို နေကြသည်။
ဘုရင့် အာဏာနဲ့ - ဘိုးသာအောင် မိန်းမကို အတင်း ခေါ်သွား သတဲ့
ဘုရင်ကြီးကလဲ ဘယ်နှယ် - သောင်းကျွန်း လှချေကလား
အေးဟယ် ဟုတ်ပါရဲ့
အထိန်းတော်တယောက် ကြားသိရ၍ သမီးတော် ရစာ ထံ သတင်း ပို့လျှင်
မမလေး - - ရပ်ထဲ ရွာထဲမှာတော - - - ဘုရင် မင်းမြတ်ဟာ × × × × × × × × × × × × × × × × ပြုနေတယ်လို့ သတင်းကြီး နေပါတယ် မလေး × × × × × ×
များစွာ စိတ်ထိခိုက် သွားလေသည်။
ခမည်းတော် ဘယ်လိုများ ဖြစ်သွားပါလိမ့် × × × စိတ်ထိခိုက်လိုက်တာ ခော် × × × × × ရှက် စရာကြီး × × × × × × ×
ငါကိုယ် တိုင် မျောင်းဖျမှ ရမှာဘဲ ထင်တယ်
အလှူပေးနေကျနေ့တွင် ဖခမည်းတော် ထံမှ အလှူတော်ငွေ ရောက်မလာ၍ ဘုရင်ကြီးထံ အခစား ဝင်လေ၏။
အိမ်း သမီးတော် - ရစာ - အခစား ဝင်သကိုး - - - ဟိုး ဟိုး ဟိုး - - - - သမီးတော် ချစ် - ချစ် - ချစ် - - - - - စားတော်အုပ်၊ ပန်းအောင်းပိုးမဲ ကတ္တီပါ၊ စိန်ရွှေရတနာများ ဖွန့်ဖွန့် ရပါ၏လော × × ×
မှန်လှပါ - ဘုန်းတော်ကြောင့် ရှိကြောင်းပါ ဘုရား × × ×
× × × ယခုရောက်သည့် ခါတိုင်း အလှူပေးနေကျဖြစ်သော အခါကြီး ရက်ကြီး ဖြစ် ပါ၍ - ခမည်း တော် ထံမှ အသပြာ ထောင်ထုပ် ယူ ရန် - အခစား ဝင်လာ ကြောင်း ပါဘုရား × × × × × × ×

ဆက်ရန်



ဇာတ်တော်ကြီး
ပန်းချီ-ဦးဘကြည်
ချစ်သမီးတော် ရုစာဒေဝီ ဟီးဟီးဟီး××× အလှူ-အလှူ-ပေးတယ် ဆိုတာ-ငွေကုန်-လူပန်း အလကား ရမ်းတဲ့ အလုပ်ဘဲ×××× ဘာမှ အကျိုး မရှိဘူး ဆိုတာ သိရဲ့လား-ဟားဟားဟား
××× တနေ့က-ခမည်းတော်-ဆရာကြီး ဂုဏကို-ဖူးခဲ့ရတယ်။ တရားထူး ပော လိုက်တယ်။ ××××တဲ့။ ထူးဆန်းတာက-အလာတ အမတ်နဲ့ ဗိဇက ဘေးကျွန် တို့ကလဲ-ရှေးဘဝ ဟောင်းကိုမြင်သတဲ့။ သူတို့ကလဲ တရားဟူတ်မှန်ကြောင်းကို ကိုယ်တွေ့ သက်သေ ထုကြတယ်လေ××
ဖြီးတော့ ဆရာကြီးက-ရှစ်ဆယ့်လေး ကမ္ဘာထက်မှာ ပျော်ပျော်သာနေတဲ့၊ အလိုလို လူတိုင်း မြည့်စုံ လာလိမ့်မယ် တဲ့-သမီးတော်ရဲ့××× ဟားဟား ဟားဟား
အလို့ဖြတ်စွာဘုရား အာဇီဝက ဒိဋ္ဌိ တက္ကဒွန်းခဲ့တွေ လာတာကိုး××× ဒုက္ခ ပါဘဲ
ဖ,ခမည်းတော်ဘုရား-သတိ ပညာ-ရှေ့ ဦးကျော်တော် သုံး၍ ဆင်ခြင် နိုင်ရန် သမီးတော် လျှောက် တင်ခွင့်ပြုတော် မူပါဘုရား
တင်စေမျှား၊ တင်စေမျှား၊ ဟားဟားဟား
အလာတ အမတ်သည် ဖခင် ဘုရှေးသား ဘဝက-မကောင်းမှု အကုသိုလ် များပြု လုပ်သော်လည်း-ဘဝကူး ချိန်၌ကား-ဟိုး ယခင်ယခင်ဘဝ မှပြုခဲ့ဘူးသော ကုသိုလ် အားကောင်း နေချိန်၌ တိုက်ဆိုင်နေ၍သာ ယခု ဘဝကောင်း ကိုရခြင်းဖြစ်ပါသည်×××
အကုသိုလ်
ကုသိုလ် အား
××သို့သော် ယခင်ဘဝကပြုခဲ့သော အကုသိုလ် အတွက် အဖြစ် ဒုက်ကို-ရှေ့လာမည့်တခု သောဘဝ၌-ကုသိုလ်ကောင်း အား လျော့ နည်း ချိန်တွင်-ရှုချံရ ဦးမည် သာဖြစ်၏။ ဗိဇက အဖြစ်ကိုကြည့်လျှင် သိနိုင် ပါသည်ဘုရား×××××
အကုသိုလ် အား
ကုသို အား


×××ဘဝဟောင်းကိုမြင်ခြင်းကား-ထူးဆန်းလှပါ။ သမီးတော်လည်းထိုအသိရသောသူပါ။
ဟော
ဘဝဟောင်းတုန်းက-မကောင်းသော အဖေါ်များနှင့် ပေါင်းမိ၍-မကောင်းမှု အကုသိုလ်များပြုမိပါလျက်နှင့်-အလာတ အမတ်ကဲ့သို့ပင် သူဌေးသား ဘဝသို့ ပင်ကူးခဲ့ပါသည်။ ××××××
×××××သို့သော်ထိုဘဝတွင်-မိတ်ဆွေကောင်းနှင့်တွေ့မိ၍-ကောင်းမှုများပြုလုပ်ပါလျက်
×××ဘဝကူးသော အခါ၌-ပထမ ဘဝက အကုသိုလ်များ အားရှိနိုင်နှင့် တိုက်ဆိုင်သဖြင့်-ဆိတ်-မျောက်-နွား ဘဝများ ဆက်တိုက်ဖြစ်ကာ-------- အသင်းခံရ၏၊ ကုန်ဆွဲရ၏။ အရိုက်ခံရ၏ ××××××
××××ယခု ဘုရင့် ရွှေသွေးတော် ဘဝ ရစေခါမူ-သားတော် မဖြစ်ဘဲ၊ သမီးတော် မိန်းမသား သာလျှင် ဖြစ်ရပါသည်။××
×××ငါးပုပ် ကြောင့်-အခြားငါးကောင်း တလှေလုံးပုပ်ရသလို×× ဘုရင်ကြီး တဆူပင်ဖြစ်လင့်ကစား-တဏှာ ဒိဋ္ဌိ တို့နှင့် ပေါင်းလျှင်-လမ်းလွဲ၍-မိုက်မဲရာ ကျနိုင်ပါသည် ဘုရား
သမီးတော်က အဆက်မပြတ် တတွတ်တွတ် ပြောသည်ကို အဆုံးတိုင်အောင် ပြုံးပြုံးကြီး နားဆင်နေပြီးနောက်......
ချစ်သောသမီးတော်-ရှစ်ဆယ်လေးကမ္ဘာတွင်..ပျော်ပျော်သာ စံနေပါ။ ဘာလို့ အရင် လိုနေရတာလဲ-ဟဲ-ဟဲ-ဟဲ
သမီးတော်သည် တရားပြ၍မရတော့သဖြင့် နောက်ဆုံး၌ အဓိဋ္ဌာန် ပြုရလေတော့သည်။
လောကကြီးကို အစွဲတည်တည်တဲ့ အောင်ဆောင်ရွက်နေသော ရဟန်းပုဏ္ဏားတို့နှင့် လောကပါလ နတ်ဗြဟ္မာ အပေါင်းတို့-ကူညီစောင်မ တော်မူကြပါလော့×××


ထိုသစ္စာ အဓိဋ္ဌာန်ကို ဗြဟ္မာကြီးတပါးက ကြားလေလျှင် လူ့ပြည်သို့ အာရုံပြုပြီး အခြေအနေကို ဆင်ခြင်လေသော်...
ကူညီ မှသာ
အကျိုးအကြောင်းသိရ၍ ရသေ့အသွင် ပြောင်းပြီး၊ ကောင်းကင်ခရီးဖြင့်ကြွလာ၏။
နန်းပြူတင်းမှဝင်ပြီး၊ လေထဲတွင်ရပ်လျှင်
အလို အသင်ကား - မည်သူနည်း
နာရဒ ဖြစ်သည်
ဟာ - အဓိဋ္ဌာန်ကြောင့် ကြွလာတော်မူ ပုံရသည်။
အသင် - ကျွန်ုပ် ဘုန်းတန်ခိုးကြီးအောင် အဘယ်သို့ ပြုလုပ်ကျင့်ကြံ ပါသနည်း
ရှေးဘဝ - လူဖြစ်စဉ်က ကောင်းမှု ကုသိုလ် များပြုလုပ် ခဲ့၍ဖြစ်သည်
အရှင် ကုသိုလ်ကောင်းမှု အကျိုး ကို-အံ့ဘွယ် သရဲ့အမိန့်ရှိသည်။ မှန်ရာကို ဆိုလော။ လူ အများ ပြောသလို... နတ်ဗြဟ္မာများ ရှိ သလော။
မင်းကြီး - နတ် - ရှိ၏ - ဗြဟ္မာ - ရှိ၏ - ဘဝ - ရှိ၏ - လူတို့သည် ကာမဂုဏ်၌ ပျော်နေကြ၍ မသိကြပေ××× သင်တွေ့လိုသလော××
မင်းကြီးသည် သူ့ကို တိုက်ရိုက် ထိခိုက် သော၊ စကားကို ကြားရ၍-
အမယ်...ငါ့ကို စောင်းပြောနေတယ်။ မျက်ရယ်မြှ အုံးမှတ်
ဒီလို ဘဝဆိုတာ ရှိရင်....ရသေ့ကြီး- အသပြာငွေ ငါးရာ ခေတ္တ ပေးထားပါ။ နောက်ဘဝ ရောက် သောအခါ - သင် အား အသပြာငွေ တထောင် ပြန်ပေးအံ့။ ဟဲဟဲ။



အသင် မင်းကြီး သင် သည် ××
မိစ္ဆာ အယူဖြင့် မကောင်း
မှုကို ပြုကျင့် နေသူဖြစ်
သောကြောင့် - သေလျှင် - ငရဲ
ရောက်မည် တည်း။ ငရဲမှ ညသို့
မည်သူ ကြွေးသွားတောင်း
နိုင် အံ့နည်း ××××××××××
××× အကျင့် သီလ ရှိသူ - ပညာရှိသူ -
ဝီရိယရှိသူ - စီးပွါး ရှာဖွေ သူများ ကိုကါး
ငွေရှင် ကျေး ရှင်
များက - ကြွေး ပေး
လေ့ ရှိ၏ ××××××
ဘုရင်ကြီးက မည်သို့မျှ မဖြေနိုင်ရှိစဉ်
××× ငရဲဆိုတာ အမျိုးမျိုးရှိတယ် ××
ခွေးစားငရဲ
ကျီးစားငရဲ
မီးတောက်ငရဲ
ကြိမ်ဆူးငရဲ ×××××
အလို... ကြောက်ဖွယ်လိလိပါတကါး -
ထို ငရဲများ ဘေးမှ
လွတ် မြောက် နိုင်သော
တရားကို ပေး ပါလော့
ရှင်ရသေ့ ××
မင်းကြီး - ဆုံးပသူလော့ ×××× ×
မလာရောက်ပြု မြင်းကိုရှောင်ကြဉ်
သီလ ဆောက်တည်၊
အလှူပေး။ သင်္ကြီး ကို ရိုသေ - စသော
ကောင်းမှုကုသိုလ် များပြုလျှင်...
ငရဲမှ ကင်းဝေး ရုံမက -
နတ် - ဗြဟ္မာပြည်သို့ ပင်
ရောက် နိုင်သည် - ဟု
မှတ်လော့ ×××××
မှန်ပါ
နာခံပါမည်။
ပြုမြင်ပါတော့မည်
ဘုရား
ထိုသို့ တရားဟောပြီးလျှင် ဗြဟ္မာအသွင်
တဖြေးဖြေး ပြောင်း၍ ပျောက်ကွယ်
သွား လေ သော အခါ...
သာဓု - သာဓု - သာဓု
သမီးတော်မှာ ဝမ်းသာမဆုံး ဖြစ်မိပြီး
သာဓု သုံးကြိမ် ခေါ်လိုက် လေသတည်း။

## မြဝတီ စာစဉ်

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။

လောကသာရပျို့၊

**ပန်းချီ ဦးဘကြည် ရေးဆွဲသော**

# ဇာတ်တော်ကြီး ဆယ်ဘွဲ့

(တတိယ တွဲ)

**ဆေးရောင်စုံ ရုပ်ပြ ဇာတ်လမ်း**

* ဘူရိဒတ်
* စန္ဒကုမာရ
* နာရဒ

ဇာတ်တော် သုံးပုဒ် ပါဝင်သည်

**အုပ်ရေ။** ။၂၀၀၀၀
**အဖိုး။** ။၂-ကျပ်၊ ၅၀-ပြား
၁၉၇၇-ခု၊ အောက်တိုဘာလ

## ဇာတ်တော်ကြီး ဆယ်ဘွဲ့ - ထုတ်ဝေမှု အစီအစဉ်

ပထမတွဲ - တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ
(၁၉၇၅၊ အောက်တိုဘာလတွင် ထုတ်ဝေသည်။)
ဒုတိယတွဲ - မဟောသဓ
(၁၉၇၆၊ ဒီဇင်ဘာလတွင်ထုတ်ဝေသည်။)
တတိယတွဲ - ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ
(၁၉၇၇၊ အောက်တိုဘာလတွင် ထုတ်ဝေသည်။)
စတုတ္ထတွဲ - ဝိဓူရ၊ ဝေဿန္တရာ
(ထွက်ရက်မျှော်ပါ)

**ထုတ်ဝေသူ** - အယ်ဒီတာချုပ် ဦးဝင်းမောင် (မင်းယုဝေ) (၀၁၁၆၅)
**ပုံနှိပ်သူ** - အထွေထွေ စီမံ ခန့်ခွဲရေးမှူး ဦးသန်းညွန့် (၀၂၂၅၁)
**မြဝတီပုံနှိပ်တိုက်** - (၁၈၄၊ ၃၂-လမ်း၊ ရန်ကုန်) သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း
ပြန်ကြားရေး ဝန်ကြီးဌာန။

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/